# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နေ့လယ် ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၃း၃၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

မူကြမ်း

**ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ သုမင်္ဂလာ အပေါင်းနှင့်ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၄၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၂၃ ရက်၊

(၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁၀ ရက်၊

(၃) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၄) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁၀ ရက်၊

(၅) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၅ ရက်၊

(၆) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၂ ရက်၊

(၇) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၈) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၃ ရက်၊

(၉) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၃ ရက်၊

(၁၀) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁၉ ရက်၊

(၁၁) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၄ ရက်၊

(၁၂) တနသ်ာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၅ ရက်၊

(၁၃) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၁၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၅) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၃ ရက်၊

(၁၆) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၁၇) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁၀ ရက်၊

(၁၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၁၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၂၀) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၂၁) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၂၂) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၂၃) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၂ ရက်၊

(၂၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၂ ရက်၊

(၂၅) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၆) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၅ ရက်၊

(၂၇) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၂၈) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁၀ ရက်၊

(၂၉) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၃၀) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၃၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၃၂) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၂ ရက်၊

(၃၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၅ ရက်၊

(၃၄) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၃၅) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၃ ရက်၊

(၃၆) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၅ ရက်၊

(၃၇) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၃၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၃၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၄၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၄၁) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁၁ ရက်၊

(၄၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၁ ရက်၊

(၄၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၅ ရက်၊

(၄၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင် ခွင့် ၁ ရက်၊

(၄၅) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၃ ရက်၊

(၄၆) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၀ ရက်၊

(၄၇) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၄၈) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်နှင့်

(၄၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ဦး၊

ယနေ့ခွင့်ပြုထားသူ ၄၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ကို ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် တင်ပြခဲ့တဲ့ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဆွေးနွေးရန်အတွက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော့်အနေနဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ အပြုသဘောနှင့် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် မရှိမဖြစ်လိုအပ်တဲ့အရာကတော့ တရားဥပဒေစိုးမိုးရေးပဲ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိရင် နိုင်ငံအတွင်းမှာ ထုတ်ပြန်ထားတဲ့ဥပဒေများလည်း ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးကဏ္ဍဟာ အလွန်တရာမှ ကျယ်ဝန်းနက်နဲပြီး တရားစီရင်ရေးကဏ္ဍများဟာလည်း ကဏ္ဍတစ်ခုအနေနဲ့ ပါဝင်တာကို တွေ့ရမှာဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်မှန်ကန်ခြင်းဟာ တရားဥပဒေစိုးမိုးမှုကို များစွာ အထောက်အကူပြုနေတာဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်တွေထဲက တရားစီရင်ရေးနှင့် ဥပဒေလုပ်ငန်းများ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ လုပ်ပိုင်ခွင့်

နှင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေး တရားမျှတခွင့် အခွင့်အရေးများ နိုင်ငံသားတိုင်း ခံစားခွင့်ရှိရေးတို့ဆိုတာ တကယ်ရော ရပါရဲ့လား။ ယနေ့ နိုင်ငံတော်ရဲ့ တရားစီရင်ရေးကဏ္ဍကို ပြန်လည်လေ့လာသုံးသပ်မယ်ဆိုရင် တာဝန်ရှိတဲ့အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးအဖွဲ့ရဲ့ အကြီးအကဲများအနေနဲ့ အမျိုးမျိုးသော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းများ နှင့် ညွှန်ကြားကြပ်မတ်ထိန်းကျောင်းပေမဲ့လို့ တရားစီရင်ရေးနှင့်ပတ်သက်တဲ့ ဆက်နွှယ်နေတဲ့ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေ၊ ရှေ့ရပ်များ၊ တရားစွဲအဖွဲ့အစည်းများ၊ တရားရုံးဝန်ထမ်း များကနေ ရုံးစာရေးအထိ အားလုံးဟာ ယနေ့အချိန်အထိ အဂတိလိုက်စားမှု ကင်းရှင်းမှုအားနည်းနေ တာ တွေ့ရမှာဖြစ်ပါတယ်။

တရားစီရင်ရေးမဏ္ဍိုင်မှာပါဝင်တဲ့ အထက်မှာတင်ပြခဲ့တဲ့ အဖွဲ့အစည်းများထဲက အချို့သော လူပုဂ္ဂိုလ်အဖွဲ့အစည်းများဟာ တရားစီရင်ရေးကို အကြောင်းပြုပြီးတော့ အဂတိလိုက်စားမှုများ ပြုလုပ်နေကြတဲ့အတွက် တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ ကျေနပ်မှု လုံးဝ မရှိသလောက်ဖြစ်နေတဲ့အတွက်ကြောင့် ကော်မတီကို ပေးပို့လာတဲ့တိုင်ကြားစာအမှုတွဲပေါင်း ၁၂၃၆၀ အထိ ရှိနေတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီတိုင်ကြားစာအားလုံးမှာလည်း အများအားဖြင့် တရားရုံး အဆင့်ဆင့်ရဲ့ ဆောင်ရွက်ချက်များကို မကျေနပ်လို့ တိုင်ကြားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ တယ်။ တရားစီရင်ရေးမဏ္ဍိုင်ကို လေ့လာကြည့်ရင် တာဝန်ရှိတဲ့အကြီးအကဲများက ဘယ်လိုပဲ ထိန်းကျောင်းကြပ်မတ်စေကာမူ အောက်ခြေအဖွဲ့အစည်းအများစုဟာ ဖြောင့်မတ်မှန်ကန်တဲ့တရား စီရင်မှုမပြုကြဘဲ လိုရင်လိုသလို၊ မလိုရင်မလိုသလို မိမိအကျိုးသက်ရောက်မှုကို အခြေခံလို့ စိတ်ကြိုက်ပြုလုပ်နေကြပြီး အဂတိလိုက်စားမှုပြုနေကြတဲ့အတွက်ကြောင့် နိုင်ငံသားများအနေနဲ့ ယုံကြည်အားကိုးမှုနည်းတဲ့ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာနေတာကိုလည်း လေ့လာ တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တရားဥပဒေစိုးမိုးရေး အားကောင်းဖို့ လိုအပ်သလို၊ နိုင်ငံသားများဟာလည်း ယုံကြည်စိတ်ချရတဲ့ တရားစီရင်ရေးမဏ္ဍိုင်အောက်မှာ နေခွင့်ရဖို့လိုပါတယ်။ ဒီအတွက် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ဖို့၊ လွတ်လပ်ဖို့၊ တရားမျှတဖို့လိုပါတယ်။ ဒီ့အပြင် တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်နေတဲ့ ဝန်ထမ်းအဖွဲ့အစည်းများ အနေနဲ့ စိတ်စေတနာအမှန်နဲ့ တရားစီရင်ရေးလုပ်ငန်းတွေ ဖြောင့်မတ်မှန်ကန်စွာဆုံးဖြတ်ဖို့လိုသလို တာဝန်ရှိသူများကလည်း ညွှန်ကြားကြပ်မတ်နေရုံနဲ့မပြီးဘဲ ဥပဒေနဲ့အညီ ပြတ်ပြတ်သားသားအရေး ယူဆောင်ရွက်နိုင်ဖို့ လိုမှာဖြစ်ပြီး ပြည်သူများ အနေနဲ့လည်း တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလိုမဖြစ်ရအောင်

ကြုံတွေ့နေရတဲ့ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ အဂတိလိုက်စားမှု၊ ဖောက်ပြန်မှုတွေကို တာဝန်ရှိသူ အဆင့်ဆင့်ထံ ရဲရဲဝံ့ဝံ့တင်ပြဆောင်ရွက်ဖို့ လိုမှာဖြစ်ပါတယ်။ တကယ်တော့ ဘယ်သူမှ အမှုအခင်း မဖြစ်လိုကြပါဘူး။ ဖြစ်လာပြန်တော့လည်း တရားစီရင်ရေးနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့အမှုဖွင့်တဲ့ ရဲကစလို့ အဆုံး အကုန်လုံးတွေ့ရတာဖြစ်ပါတယ်။

ဒီနေရာမှာ အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးက အကြီးအကဲတွေ ဘယ်လိုပဲညွှန်ကြား ကြပ်မတ်သော်ငြားလည်း အမှုစဖွင့်တဲ့ရဲစခန်းကစလို့ တရားသူကြီး၊ ရှေ့နေ၊ စာရေး ဘာမှမကျန် အောင် အကြောင်းပြချက်အမျိုးမျိုးနဲ့ ပေးရတဲ့ငွေ၊ သွားလိုက်ရတဲ့ ရုံးချိန်း၊ တချို့ တရားမမှုတွေဆို ဆယ်စုနှစ်နဲ့ချီပြီးကြာပါတယ်။ ဒီတော့ အချိန်တွေကကြာ၊ ငွေတွေကကုန် ဖြစ်တဲ့အပြင် အမှုပြီးလို့ ရမှာက ငါးကျပ်၊ ကုန်တာက ၁၀။ ရုံးချိန်းကလည်း အကြိမ်ကြိမ်သွားရ၊ အချိန်ကလည်း များစွာပေးရ။ ဒါကြောင့် ဘယ်သူမှာ အမှုမဖြစ်လိုကြပါဘူး။ ဖြစ်နိုင်ရင် တရားရုံးနှင့် ဘယ်သူမှ မပတ်သက်လိုကြပါ ဘူး။ တရားရုံးရောက်ပြန်တော့လည်း တရားသူကြီးက အာဏာရှင်လိုဖြစ်နေတော့ ပြည်သူတွေက ပြောကြပါတယ်။ ကျွန်တော်တို့နေတဲ့မြို့နယ်မှာ တရားသူကြီးက ခေါင်းပေါ်က နိုင်ငံတော်တံဆိပ် နောက်ခံက စုပ်ပြဲနေပြီးတော့ တံဆိပ်က စောင်းနေတယ်။ တရားသူကြီး အမှုစစ်ဖို့ရောက်လာတယ်။ ရောက်ရောက်ချင်း အမှုလိုက်တဲ့ရှေ့နေကို မြန်မြန်လုပ် ကိုယ်မအားဘူး။ အပိုတွေသိပ်မပြောကြနဲ့။ တရားခံကလည်း ဝန်ခံစရာရှိရင် ဝန်ခံလိုက်။ တရားခံဖြစ်သူက ရွာသား။ နောက်ဆုံးတရားသူကြီး အလိုကျ အစီရင်ခံရရှာပါတယ်။ တရားသူကြီးအနေနဲ့ ဆန့်လို့ရတယ်။ ကျုံ့လို့ရတယ်။ ဆိုတဲ့သဘော ဖြစ်နေပါတယ်။ ဒါဟာ တကယ်ဖြစ်နေတဲ့ အတွေ့အကြုံတွေဖြစ်ပါတယ်။ အထက်အကြီးအကဲများက တာဝန်ကျေပါတယ်။ နည်းပေါင်းစုံနဲ့ကြပ်မတ်နေကြပါတယ်။ အခု ကျွန်တော် တင်ပြခဲ့သလို ဖြစ်ပျက် နေတာတွေ အများကြီးဖြစ်ပါတယ်။

ဒီ့အပြင် တရားရုံးတွေရဲ့နောက်မှာ သက်သေခံပစ္စည်းအနေနဲ့ မိုးထဲ၊ လေထဲ နှစ်နဲ့ချီပြီး စွန့်ပြစ်ထားတာတွေ၊ မှုခင်းနဲ့ပတ်သက်လို့ တရားရုံးလာတဲ့လူတွေ နေထိုင်စရာမရှိဘဲဖြစ်သလို စောင့်ဆိုင်းနေရတာတွေကြည့်ရင် အားနည်းချက်အများကြီးပါပဲ။ ဒီကြားထဲမှာ နိုင်ငံရေးအရ အခြေ အနေပေးရင် အကွာအကွယ်ယူတဲ့အနေနဲ့ ဦးဖြူခေတ်ဆို ဦးဖြူကို ဆန့်ကျင်လိုက်။ ဦးနီခေတ်ဆို ဦးနီကို ဆန့်ကျင်လိုက်။ တကယ်ချို့ယွင်းနေတာဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင်မှာ တာဝန်ရှိတဲ့သူအားလုံးကို မဆိုလိုပါဘူး။ အောက်ခြေက ပတ်သက်နေသူအများစုနှင့် အထက်ဌာနက တာဝန်ရှိသူတို့ကို ဆိုလိုတာ ဖြစ်ပါတယ်။ ဒါတွေကို အနာဂတ်ကာလမှာ တော်တော်ပြုပြင်ရမှာဖြစ်ပါတယ်။ တရားဥပဒေနှင့်

ပတ်သက်လာရင် အဓိကဖော်ဆောင်နေတာ ပြည်သူ့ရဲပဲဖြစ်ပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ မြန်မာနိုင်ငံအနှံ့ အပြားမှာ တရားဥပဒေစိုးမိုးရေးပျောက်ကွယ်လုမတတ်ဖြစ်နေပြီးတော့ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူထားတဲ့ ရဲတပ်ဖွဲ့ဝင်များကိုယ်တိုင် အရိုက်ခံရ၊ အသတ်ခံရနှင့် ရဲတပ်ဖွဲ့ဝင်က လေးခွနှင့် ရာဘာတုတ်နှင့် လူဆိုးကငှက်ကြီးတောင်ဓားနှင့်။ ဒီတော့ ရဲတပ်ဖွဲ့ဝင်တွေအရိုက်ခံရ၊ အသတ်ခံရ ဖြစ်တာဖြစ်ပါတယ်။ ယနေ့ မြို့နယ်မှာ ခိုးဆိုးလုယက်မှုတွေ အလွန်များပြားတာမို့ ပြည်သူဟာ ညအချိန် အပြင်မထွက်ရဲတော့ပါဘူး။ တစ်ခုခုဖြစ်လာရင်လည်း ရဲတပ်ဖွဲ့ခေါ်ဖို့ ခက်လာတဲ့အပြင် အင်နဲ့အားနဲ့ စုစည်းပြီးမှသာ အခင်းဖြစ်တဲ့နေရာကို လာရတဲ့အတွက်ကြောင့် ရဲတပ်ဖွဲ့ဟာ ပြည်သူတွေ အားကိုးလို့ မရတော့တဲ့အခြေအနေ ဖြစ်နေပါတယ်။ ဒီ့အပြင် ရဲတပ်ဖွဲ့ဝင်များအနေနဲ့ ရာဘာတုတ်တိုအား ကိုင်ဆောင်ထားပြီး ငှက်ကြီးတောင်ဓားကိုင်ဆောင်တဲ့လူဆိုးနဲ့တွေ့ရင် သူ့အသက်မသေအောင် ငှက်ကြီးတောင်ဓားကို တရားမဝင် ကိုယ်စီကိုင်ဆောင်ထားတဲ့အဆင့်ဖြစ်နေပါပြီ။ ဓားကလည်း ပျော်ဘွယ်၊ ရမည်းသင်းမှာ လမ်းဘေးမှာ တရားဝင်လိုပဲ စိတ်ကြိုက်ဝယ်လို့ရပါတယ်။ ဒီအခြေအနေ တွေကို ဒီအတိုင်းပဲ ကြည့်နေကြတော့မှာလား။ တရားဥပဒေစိုးမိုးရေးအတွက် ပြင်ဆင်သင့်တဲ့ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို ခေတ်ကာလနှင့်လျှော်ညီအောင် မပြင်ကြတော့ဘူးလား။ သာမန်အခြေအနေမဟုတ်တဲ့ လူဆိုးဖမ်းဆီးရာမှာ ညွှန်ကြားစီမံသင့်တာကို ညွှန်ကြားစီမံသင့်ပြီလို့ အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ တရားဥပဒေစိုးမိုးရေးရရှိဖို့ လိုပါတယ်။ တရား ဥပဒေစိုးမိုးရေးရှိဖို့ဆိုရင် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်မှန်ကန်ဖို့လိုပါတယ်။ တရားစီရင် ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ဖို့ ယနေ့ တရားစီရင်ရေးမဏ္ဍိုင်နဲ့ဆက်သွားရင် ပြည်သူလူထုရဲ့ အားကိုးယုံကြည်မှုမရနိုင်တာ သေချာတာမို့ အနာဂတ်ကာလမှာ ဖွဲ့စည်းမှုစနစ်နဲ့ ပြုပြင်ပြောင်းလဲရ ပါမယ်။ တာဝန်ထမ်းဆောင်မယ့် ပုဂ္ဂိုလ်များကိုလည်း လူမှန်၊ နေရာမှန် ရွေးချယ်ရပါမယ်။ လူကော၊ မူကောပြင်ရမှာဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်မှာရှိတဲ့ ဝန်ထမ်းများကိုလည်း အတွေးအခေါ် အယူအဆပြောင်းလဲစေပြီး အဂတိလိုက်စားမှုကင်းအောင် စီမံရမှာဖြစ်ပါတယ်။ ဒီလိုပြုပြင်ပါလျက်နှင့် ပြည်သူများ အမှန်တကယ်နစ်နာမှုတွေရှိကြောင်း စစ်ဆေးတွေ့ရှိရင် ဥပဒေနှင့်အညီ ကျောသား ရင်သားမခွဲခြားဘဲ ထိထိရောက်ရောက်အရေးယူမှုတွေ ပြုရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းများကို နောင်ပေါ်ထွန်းလာမယ့်အစိုးရ၊ လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် တရားစီရင်ရေးမဏ္ဍိုင်မှ

တာဝန်ရှိသူများ ဖော်ဆောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဆွေးနွေးရန်အတွက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်အား ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခု အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာမှာပါတဲ့ ဆောင်ရွက်ချက်တွေ ပြီးတော့ ကော်မတီကနေ တရားစီရင်ရေး မဏ္ဍိုင်နှင့်ပတ်သက်ပြီး ထိန်းညှိဆောင်ရွက်ချက်တွေဟာ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ လေ့လာဖို့ရော၊ မှတ်တမ်းတင်ဖို့ရော အင်မတန်မှ ကောင်းတဲ့အချက်တွေ ပါဝင်တာတွေ့ရပါတယ်။ ဒီကော်မတီအနေနဲ့ အစီရင်ခံစာမှာ တရားစီရင်ရေးတွင် ပြည်သူများနစ်နာမှု နည်းနိုင်သမျှ နည်းပါးရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ပါတယ်။ အဲဒီကြိုးပမ်းခဲ့တယ်လို့ ရေးသားခဲ့တဲ့အတိုင်းပဲ အထဲမှာ သူတို့ရဲ့ ကွင်းဆင်းဆောင်ရွက်မှုတွေကို တွေ့ရပါတယ်။ ဒီလိုကွင်းဆင်းဆောင်ရွက်မှုတွေမှာ အဖွဲ့ခွဲတွေဖွဲ့ပြီးတော့မှ ဆောင်ရွက်တဲ့အခါမှာ တချို့အရေးကြီးတဲ့ ပြည်သူတွေ နစ်နာမှုဖြစ်နေတဲ့ကိစ္စရပ်တွေ ဖြေရှင်းဆောင်ရွက်ရာမှာ နှစ်ပေါင်းများစွာ အဂတိလိုက်စားမှုတွေကို အခြေခံပြီးဖြစ်ပေါ်တဲ့အမှု ဖြေရှင်းဆောင်ရွက်ခဲ့တာတွေ တွေ့ရပါတယ်။ ပြီးတော့ ဖြေရှင်းဆောင်ရွက်ပြီးတဲ့အခါမှာ ပြည်သူ့လွှတ်တော်ကြီးကတစ်ဆင့် အစီရင်ခံစာများ၊ တင်သွင်းပြီးတော့မှ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်များကို ထိန်းညှိခဲ့တာ တွေ့ရပါတယ်။ ဒီလိုထိန်းညှိတဲ့အခါမှာ ဒီကော်မတီပါ အစီရင်ခံစာမှာပါတဲ့အတိုင်းပဲ ကော်မတီရဲ့အဖွဲ့ဝင်အင်အားနဲ့ ဆောင်ရွက်တဲ့အခါမှာ အားနည်းတယ်ဆိုတာ တွေ့ရပါတယ်။ ဒါဟာ နောက်လာမယ့်လွှတ်တော်များမှာ တရားစီရင်ရေးမဏ္ဍိုင်တွေ ဒီလိုလွှတ်တော်ရဲ့ ကော်မတီတစ်ရပ်က ဘယ်လိုထိန်းညှိဆောင်ရွက်ခဲ့တယ်ဆိုတာကို မှတ်သားဆောင်ရွက်ဖို့ လိုအပ်တာဖြစ်ပါတယ်။

ဒီကော်မတီအနေနဲ့ ဥပဒေပြင်ဆင်ရေးဆွဲရာမှာလည်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေပုဒ်မ ၁၈ မှာ ပြည်သူတွေရဲ့ မကျေနပ်မှု၊ ဆန္ဒပြမှုတွေအပေါ် မူတည်ပြီးတော့မှ ဒီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်ကို တင်သွင်းခဲ့တာ တွေ့ရှိရပါတယ်။ ဒီလို တင်သွင်းတဲ့အခါမှာ သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိပ်တိုက်ဆွေးနွေး အကြံဉာဏ်တွေရယူပြီး ဆောင်ရွက်ခဲ့တာ တွေ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အပါအဝင် ဒီပုဒ်မ ၁၈ ပေါ်မှာ ကျွန်တော့်အနေနဲ့ ထောင်ဒဏ်တွေ ရုပ်သိမ်းပေးဖို့ ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ သို့သော် လွှတ်တော်မှာ အတည်ပြုခဲ့တာ ထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေ ဖြစ်ပါတယ်။ ဒီကော်မတီအနေနဲ့ အခြားဆောင်ရွက်ချက်တွေအပေါ်မှာပဲ သုံးသပ်ချက်အနေနဲ့ တင်ပြထားတာမှာ တရားမမှုတွေမှာရော၊ အခြားအမှုတွေမှာပါ မှတ်ပုံတင်ရုံးများရဲ့ မသမာမှုများ၊ အဂတိလိုက်စားမှုများ ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မှတ်ပုံတင်ရုံးဆိုတာ စာရွက်စာတမ်းမှတ်ပုံတင်ရုံးဖြစ်ပါတယ်။ အဲဒီလိုရုံးတွေမှာ မသမာမှုတွေဖြစ်တဲ့အတွက် မြေကြီးတွေပေါ်မှာ မသမာမှုတွေဖြစ်တယ်။ တရားရုံးတွေမှာ ဖြစ်နေတဲ့အမှုတွေကို လိုက်ဝယ်နေတဲ့ အမှုတွေဝယ်တဲ့ လူတန်းစားတစ်ရပ်ပေါ်ပြီးတော့ လိုက်လိမ်နေတဲ့ သူတွေဟာ ဖြစ်ပေါ်နေတာ အထက်မြန်မာပြည်မှာ တော်တော်များများတွေ့ရတယ်။ အဲဒီလိုကိစ္စတွေကို အထူးကိစ္စရပ်အဖြစ် ဒီကော်မတီကနေ ဖွဲ့စည်း ဖွဲ့ပြီးတော့ အထူးစုံစမ်းဆောင်ရွက်ခဲ့တယ်။ လေ့လာသုံးသပ်ချက်တွေကို လွှတ်တော်ကို တင်သွင်းခဲ့တာတွေ တွေ့ရပါတယ်။ ဒီလွှတ်တော်အသီးသီးမှာလည်း တရားရုံးများရဲ့ မသမာမှုတွေကို တင်ပြခဲ့သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ဖြေကြားချက်များမှာ တရားစီရင်ရေးမှုနဲ့ ကိုက်ညီမှုမရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီအပြင် အလားတူ တရားရုံးများရဲ့ မသမာမှုများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦးကလည်း တင်ပြခဲ့တယ်လို့ ပါပါတယ်။ တရားရုံးများ၏ ဆောင်ရွက်ချက်များအပေါ် သံသယဖြစ်ဖွယ်ရာ အဆုံးအဖြတ်များကို နေရာတိုင်းလိုလို တွေ့မြင်ရသဖြင့် အဆိုပါအမှုများကို စုစည်းသုံးသပ်ပြီး လိုအပ်သောအရေးယူမှု ပြုနိုင်ရေးအတွက် လွှတ်တော်သို့ တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်လို့ ပါရှိပါတယ်။ ဒါဟာ ဒီကော်မတီရဲ့ ရဲရဲဝံ့ဝံ့ဆောင်ရွက်မှုတွေဖြစ်ပြီးတော့ ဒီကော်မတီက အနိုင်ရပါတီရဲ့ ဖွဲ့စည်းထားတဲ့လွှတ်တော်၊ အနိုင်ရပါတီရဲ့အစိုးရကို ထိန်းညှိလာတာမှာ အနိုင်ရပါတီထဲက လွှတ်တော်ကိုယ်စားလှယ်က ရဲရဲဝံ့ဝံ့ထိန်းညှိဆောင်ရွက်တာ ဘက်မလိုက်ဘဲ ဆောင်ရွက်တာဟာ လွှတ်တော်မှာ တကယ်စံပြုရမယ့် ကိစ္စဖြစ်ပါတယ်။

**မူကြမ်း**

နောက်ဆုံးအပိုဒ်မှာ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ရန်သည် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ လွတ်လပ်သော၊ ဖြောင့်မတ်ကြံ့ခိုင်သော၊ တရားမျှတသော တရားရေးမဏ္ဍိုင်ဖြစ်လာမှသာ ပြည်သူကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါတယ်။ ထိုအခြေအနေမျိုးရရှိရန်အတွက် တရားရုံး၊ တရားလွှတ်တော်အဆင့်ဆင့်ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ပါကြောင်း အစီရင်ခံစာမှာဖော်ပြထားပါတယ်။ အဲဒီအတွက် တရားရေးမဏ္ဍိုင်ဖြောင့်မတ် ကြံ့ခိုင်ဖို့လိုအပ်ကြောင်းကို ရဲရဲဝံ့ဝံ့တင်ပြထားတာဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင်သည်ကျန်တဲ့မဏ္ဍိုင်ကြီးများမှ ထိန်းညှိရတဲ့အခါမှာ သီးခြားဖြစ်နေတာကိုတွေ့ရပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်ကို လွှတ်တော်က အကြိမ်ကြိမ်ထိန်းညှိနိုင်သော်လည်း တရားရေးမဏ္ဍိုင်သည် လွတ်နေတဲ့မဏ္ဍိုင်တစ်ခုသဖွယ် ဖြစ်နေတာကိုတွေ့ရပါတယ်။ တရားရေးမဏ္ဍိုင်ကို လွှတ်တော်ကနေကိုယ်စားလှယ်များက မေးခွန်းမေးခြင်း၊ အဆိုတင်ခြင်းနှင့်ဆောင်ရွက်ခဲ့သော်လည်းပဲ ဤကော်မတီရဲ့ဆောင်ရွက်ချက်လောက် မဆောင်ရွက်နိုင်ခဲ့ပါဘူး။ သို့သော် တရားရေးမဏ္ဍိုင်သည် ယခုခေတ်ကာလ၊ ယခုအခြေအနေထက် ပိုပြီးတည့်မတ်ကြံ့ခိုင်ဖို့လိုအပ်ပါတယ်။ တရားရေးမဏ္ဍိုင်သည် အားအကောင်းဆုံးမဏ္ဍိုင်ကြီးဖြစ်သင့်ပါတယ်။ တရားရေးမဏ္ဍိုင်ကြီးအားကောင်းမှသာ ကျန်တဲ့မဏ္ဍိုင်များကို ပိုမိုပြီးတော့မှ အားကောင်းဖို့ထိန်းညှိနိုင်မှာဖြစ်ပါတယ်။ အခု တရားရေးမဏ္ဍိုင်သည် ဤကော်မတီရဲ့အစီရင်ခံစာအရ ယိုင်နဲ့နေတယ်လို့ မြင်ရပါတယ်။ ဒီကော်မတီကလည်း တရားရေးမဏ္ဍိုင်ကို ထပ်ပြီးတော့မှ ထိန်းညှိဖို့ နောက်ဆုံးအချိန်ထိ ကြိုးစားသွားမယ်ဆိုတာ တွေ့မြင်ရပါတယ်။ တရားရေးမဏ္ဍိုင်မှာ တချို့ကိစ္စတွေမှာဆိုရင် တရားလိုအဖြစ်အမည်တပ်ပြီးတော့မှ တပ်မတော်မှ အငြိမ်းစားဗိုလ်မှူးကြီးတစ်ဦးရဲ့အမည်နဲ့ တရားလိုလုပ်ထားပြီးတော့မှ တရားခံဟာ ထောင်ကျသွားတော့လည်း အဲဒီတရားလိုဟာ လွှတ်တော်ကော်မရှင်မှာ ပါဝင်နေသူဖြစ်ပြီး ဒီတရားလိုက သူကိုယ်၌က ဘာမှမသိရပါဘူး။ သူလည်းတရားမစွဲပါဘူးလို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ထောင်ကျသွားတဲ့လူကကျပြီးတော့မှ ထောင်ကလွတ်တောင် လွတ်လာပါပြီ။ အဲဒီတော့ ဒီလိုမျိုးမတရားခံလိုက်ရတဲ့အတွက် ဘယ်သူကလျော်ကြေးပေးမှာလဲဆိုတဲ့အနေအထားမျိုးပါ။ ဒါ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။

သို့သော် ဒီလိုကိစ္စမျိုးအမှုတွေကို ဒီကော်မတီရဲ့ဖော်ထုတ်ချက်အရ တွေ့ရှိရတာကိုတွေ့ရပါတယ်။ အဲဒီအတွက် တရားရေးမဏ္ဍိုင်မှာ တစ်စုံတစ်ရာချို့ယွင်းမှုကြောင့်မို့ ပြည်သူတွေက နစ်နာသွားတဲ့အခါမှာ ဒီနစ်နာမှုကိုကုစားဖို့က အတော်မှခက်ခဲသွားပါတယ်။ အဲဒီအတွက် ဒီလိုအားကောင်းတဲ့ကော်မတီမျိုးကို လွှတ်တော်က သာမန်အသိအမှတ်ပြုတာမျိုးမဟုတ်ဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်

တွေက ဒီကော်မတီအပေါ် တကယ့်ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုမှတ်တမ်းအဖြစ် ဆောင်ရွက်ပေးသင့်ပါတယ်လို့ တင်ပြရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဆွေးနွေးရန်အတွက် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုအား ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ကော်မတီကတင်သွင်းတဲ့ အစီရင်ခံစာမှာ တက္ကသိုလ်များမှာ ဥပဒေပညာ သင်ကြားခွင့် ရဖို့ အရည်အချင်းသတ်မှတ်ချက်အပါအဝင် အဝေးသင်ပညာရေးစနစ်နဲ့ အချိန်တိုကာလအတွင်းမှာ လွယ်ကူစွာပဲ ဥပဒေဆိုင်ရာ Diploma လက်မှတ်တွေ၊ ဘွဲ့ Degree တွေ ရရှိနိုင်မှုအခြေအနေတွေကို သုံးသပ်တင်ပြချက် ပါဝင်ခဲ့ပါတယ်။ အဲဒီတင်ပြချက်နဲ့ပတ်သက်ပြီးတော့မှ တစ်နိုင်ငံလုံးမှာရှိတဲ့ ဥပဒေပညာရှင်များ အသိုင်းအဝိုင်းမှာ ဝေဖန်မှု၊ ငြင်းခုန်မှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီကတင်သွင်းခဲ့တဲ့အစီရင်ခံစာကို ကျွန်တော်ကော်မတီဥက္ကဋ္ဌတစ်ဦးအနေနဲ့ ထပ်မံဖြည့်စွက်တင်ပြခြင်းဖြစ်ကြောင်း ပဏာမတင်ပြလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာကို အဖွဲ့ဝင်များရဲ့ဆန္ဒနှင့်အညီ ပျော့ပျောင်းစွာရေးသားတင်ပြခဲ့တာပါ။ ကော်မတီအနေနဲ့ လေးနှစ်ကျော်ကာလအတွင်းမှာ တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ဖို့နဲ့ ပြည်သူများ တရားသောဥပဒေများရဲ့ အကာအကွယ်ရရှိစေဖို့၊ လူမှုဘဝလုံခြုံမှုရရှိစေဖို့ ကြိုးပမ်းခဲ့ပါတယ်။ သို့သော်လည်းပဲ မအောင်မြင်ခဲ့ဘူးလို့ ကျွန်တော်တို့ ဝန်ခံရမှာပါ။ အဲဒါကတော့တရားရေးမဏ္ဍိုင်ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အုပ်ချုပ်ရေးပိုင်းကနေပြီးတော့မှ Law Inforcement ဥပဒေသက်ရောက်စေအောင် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ပံ့ပိုးမှုအားနည်းခဲ့ခြင်းများကြောင့်လို့ ကျွန်တော်တို့ တင်ပြရမှာပါ။ လွှတ်တော်ထဲမှာလည်းပဲ ပြည်သူကို အကာအကွယ်ပေးနိုင်မယ့်တရားရုံးများစောင့်ကြည့်ရေးဥပဒေကြမ်း၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ညှင်းပမ်းနှိပ်စက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်း၊ ငြိမ်းစုစည်းလို့ခေါ်တဲ့ ဥပဒေရဲ့ ပုဒ်မ ၁၈ ကို ပြင်ဆင်တဲ့ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းများစွာကို တင်သွင်းဖို့ အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်းပဲ အခက်အခဲမျိုးစုံကြုံတွေ့ရပြီးတော့မှ အစီအစဉ်မှာ ထည့်သွင်းနိုင်ခြင်းမရှိခဲ့ပါဘူး။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးဖို့အတွက်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုလည်း ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ သို့သော်လည်းပဲ အဲဒီကာလမတိုင်မီက

လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြစားမှုတွေ အကျုံးမဝင်ကြောင်း ကန့်သတ်ထားပြန်ပါတယ်။ အဲဒီအပြင် အဲဒီဥပဒေရဲ့ပုဒ်မ ၂၁၊ ပုဒ်မ ၄၃ ပုဒ်မခွဲ(က)တို့မှာ ပြဋ္ဌာန်းချက်တွေအရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က တာဝန်ပေးအပ်တဲ့အခါမှသာ၊ နစ်နာသူကတိုင်ကြားလာမှသာ စစ်ဆေးခွင့်ရှိပြီးတော့မှ သတင်းကြားရုံနဲ့ ကျွန်တော်တို့ ကော်မတီကိုယ်တိုင်က ပေးပို့တိုင်ကြားရုံနဲ့ စစ်ဆေးလို့မရဘူးဆိုပြီးတော့မှ အကြောင်းပြန်လာတာတွေရှိပါတယ်။ တိုင်စာမှာလည်းပဲ အထောက်အထား၊ အချက်အလက်တွေ ရာနှုန်းပြည့်နီးပါးပြည့်စုံမှ စစ်ဆေးခွင့်ရှိကြောင်း ကန့်သတ်ချက်တွေ ထည့်သွင်းထားပြန်ပါတယ်။ အဲဒီအခြေအနေများကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဟာ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်တဲ့ဥပဒေမှဟုတ်ရဲ့လားလို့ ပြည်သူတွေကြားမှာ ဝေဖန်မှုတွေဆူညံနေပါတယ်။ အဂတိလိုက်စားမှုများဟာ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးတိုးတက်မှုတို့ကို ထိခိုက်ပျက်စီးစေနိုင်တဲ့အပြင် နိုင်ငံတော်အစိုးရရဲ့ ယန္တရားလည်ပတ်မှုကိုလည်းပဲ နှောင့်နှေးစေလျက်ရှိပါတယ်။ ဒီမိုကရေစီအခြေခံအုတ်မြစ်ကိုလည်းပဲ ယိမ်းယိုင်ပျက်စီးစေပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးကနေမှ နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို နိုင်ငံတကာအကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ်နဲ့ သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပြီးတော့မှ နိုင်ငံအားလုံးပါဝင်ပူးပေါင်းတိုက်ဖျက်ကြရန်ကိုလည်း တိုက်တွန်းနှိုးဆော်ထားပါတယ်။ အဲဒီလို အခက်အခဲတွေကြားကပဲ ကျွန်တော်တို့ ကော်မတီက အောင်မြင်စွာဆောင်ရွက်နိုင်တဲ့အမှုတချို့လည်း ရှိပါတယ်။ ရှားတော့ရှားပါတယ်။ အနီးစပ်ဆုံးဥပမာတစ်ခုပေးရလို့ရှိရင် မန္တလေးမြို့မှာ တရားရင်ဆိုင် ဆဲအမှုတစ်ခုကို သာဓကတင်ပြလိုပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ မြေဈေးတွေက အဆမတန်တက် လာတဲ့အခါကျတော့ လူတွေရဲ့လောဘက အတောမသတ်နိုင်ဘဲနဲ့ အမှုတွေများများလာပါတယ်။ ငွေကြေးများများဖြစ်တဲ့အမှုတွေများလေ တရားရုံးတွေအကြိုက်ဖြစ်တယ်လို့လည်း လူထုကြားမှာ ဝေဖန်ပြောဆိုနေကြပါတယ်။ ဒီအမှုမှာ မန္တလေးက မောင်နှမတစ်စုရဲ့အမှုကိစ္စပါ။ အဲဒီအထဲက မောင်နှမ နှစ်ယောက်က အမေရိကန်ကို ပြောင်းရွှေ့နေထိုင်ပါတယ်။ အမှုဖြစ်တာချည်းပဲ ၁၅ နှစ်ကျော်ခဲ့ပြီဆိုတော့ အဲဒီပြောင်းရွှေ့နေထိုင်သူတွေဟာ For good အပြီးအပိုင်နိုင်ငံကို စွန့်ခွာသွား တာပဲဖြစ်ပါတယ်။ ဒါပေမယ့်လို့ သူတို့မိဘပိုင်ခဲ့တဲ့မြေတွေကို ကျန်ရစ်တဲ့အစ်ကိုကို ကိုယ်စားလှယ်လွှဲစာနဲ့ ရောင်းခိုင်းပါတယ်။ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းကို Resumption on Inmoveable Property Act အရ နိုင်ငံခြားသားက လွှဲပြောင်းမပေးနိုင်မှန်းသိပါလျက်နဲ့ စာချုပ်စာတမ်းနဲ့ တရားရုံးအဆင့်ဆင့်က လက်ခံလွှဲပြောင်းခွင့်ပြုခဲ့ပါတယ်။ နောက်ဒီနိုင်ငံခြားသူတွေမလာဘဲနဲ့လည်းပဲ လက်ဗွေအတုနဲ့လိမ်

လည်ပြီးတော့မှ အစ်ကိုက စာချုပ်ချုပ်ပေးပါတယ်။ ရောင်းချပြီးနှစ်ပေါင်းများစွာကြာ ဝယ်သူတွေက ပြောင်းရွှေ့နေထိုင်ပြီးကာမှ နိုင်ငံခြားသူနှစ်ယောက်ကနေပြီးတော့မှ အရောင်းအဝယ်စာချုပ်ဟာ သူတို့ လက်မှတ်မဟုတ်ဘူးဆိုပြီးမှ ဝယ်သူတွေကို လက်မဲ့ဖြစ်အောင် တရားစွဲပါတယ်။ ရောင်းသူက အစ်ကို အရင်း၊ ဝယ်သူတွေက စာချုပ်ပါတန်ဖိုးအတိုင်းဝယ်တယ်။ အဲဒါကို တရားရုံးအဆင့်ဆင့်က ခုနက ဝယ်သူတွေကို အိမ်မှနှင်ထုတ်တဲ့အဆင့်ထိ ရောက်အောင် ယနေ့ဆောင်ရွက်နေပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ ကော်မတီဝင်တစ်ဦးကနေပြီးတော့မှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ လက်မှတ်အတုတွေ နဲ့ချုပ်ဆိုပေးတာတွေကို ထောက်ပြမေးခွန်းထုတ်ခဲ့ပါတယ်။ စာချုပ်စာတမ်းရုံးရဲ့တာဝန်ရှိသူတွေက ပြန်စစ်ဆေးတဲ့အခါမှာ လက်မှတ်လိမ်တွေကို စစ်ဆေးတွေ့ရှိလို့မို့လို့ အရေးယူဖို့လုပ်နေတယ်လို့ ပြန်ကြားပါတယ်။ ဒါကလည်း ဘယ်ထိထပ်မံလိမ်ကြဦးမလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ထူးဆန်းတာ တစ်ခုက ဒီနိုင်ငံခြားမှာ အပြီးအပိုင်သွားတဲ့သူတွေက သူ့အစ်ကို ကိုယ်စားလှယ်လွှဲစာအတုနဲ့ ရောင်းထားတဲ့ကိစ္စမှာ အလားတူပဲ သူတို့နဲ့ လူမျိုးတူတဲ့ အခြားဝယ်သူတွေကိုတော့ ညှိနှိုင်းပြီးလက်ခံ ပေးသော်လည်းပဲ အခု တရားပြိုင်မြေဝယ်သူ လေးဦးကိုတော့ဖြင့် တရားစွဲခဲ့တာ ၁၄ နှစ်ကျော်ခဲ့ပါပြီ။ ဒီအမှုတွေဟာ မသိလို့ မှားပြီးဆုံးဖြတ်တာမဟုတ်ဘဲနဲ့ သိလို့ကို အဆင့်ဆင့်ဟာကွက်မရှိအောင် မတရားသူကို အနိုင်ပေးခြင်းသာဖြစ်ကြောင်းလည်း ထင်ရှားနေပါတယ်။ ဒီကိစ္စတွေအတွက် နစ်နာသူ ကို ဘယ်လိုကုစားပေးမလဲဆိုတာ တာဝန်ရှိတဲ့တရားရုံးအဆင့်ဆင့်က ဖြေကြားပေးဖို့တော့ လိုလာမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်၊ မန္တလေးကဲ့သို့သော စီးပွားရေးမြို့တော်များမှာ မြေယာနှင့် ပတ်သက်တဲ့အမှုများစွာ ဖြစ်ပွားနေပါတယ်။ မြေပွဲစား၊ အမှုပွဲစားများကနေပြီးတော့မှ၊ အုပ်စုဖွဲ့ပြီး တော့မှ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကြံစည်ကာ အမှုအနိုင်ယူပြီးတော့မှ အကျိုးအမြတ်ခွဲဝေယူနေကြ ပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ဒီနေ့ မြန်မာနိုင်ငံမှာ တရားစီရင်ရေးလုပ်ငန်းသည် အကောင်းဆုံး စီးပွားရေးလုပ်ငန်းတွေထဲမှာ တစ်ခုပါဝင်တယ်လို့ ဝေဖန်ပြောဆိုနေကြတာဖြစ်ပါတယ်။ တရားရုံးနဲ့ အဲဒီအမှုတွေမှာ တရားရုံးနဲ့ဥပဒေရုံးက တာဝန်ရှိသူတချို့၊ အထွေထွေအုပ်ချုပ်ရေး၊ စည်ပင်သာယာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ တာဝန်ရှိသူတချို့တွေ ပါဝင်ပတ်သက်နေကြပါတယ်။ ဒီတရားမမှုတွေက ၁၀ နှစ်၊ ၁၅ နှစ်၊ နှစ် ၂၀ မက ကြာမြင့်အောင် အချိန်ဆွဲပြီးတော့လည်း စစ်ဆေးကြပါတယ်။ တချို့အမှု တွေမှာ ကြေးစားလူမိုက်တွေကို ငှားရမ်းပြီးတော့မှ အင်အားဖြင့် မြေအဆောက်အဦတို့ကို ကျူးကျော် ဝင်ရောက်သိမ်းပိုက်မှုတွေအထိ ပြောင်ပြောင်တင်းတင်းဥပဒေမဲ့လုပ်ဆောင်နေကြတာကိုလည်း တွေ့ရ

မူကြမ်း

ပါတယ်။ အဲဒီလိုအမှုတွေကို ကော်မတီအနေနဲ့ အခုစုစည်းထားပါတယ်။ ဒီသက်တမ်းမှာတော့ဖြင့် ကျွန်တော်တို့ ဒါကိုတော့ အမှန်အတိုင်းဖြစ်အောင် လုပ်ပေးနိုင်မယ့်အနေအထားမရှိတော့ဘူးမို့လို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ ဆက်လက်အသက်သွင်းသွားဖို့ ပြင်ဆင်ထားကြောင်းကိုလည်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ တက္ကသိုလ်များ ဥပဒေပညာသင်ကြား ခွင့်နှင့် ပတ်သက်လို့ရှိရင် ယခင်က ဥပဒေဘွဲ့ကို ငါးနှစ်သင်ကြားခဲ့ရတယ်။ နောက် လေးနှစ်ဖြစ်သွား တယ်။ အခု ငါးနှစ်ပြန်ဖြစ်ကြောင်း ကျွန်တော် ကနေ့ပဲပြန်သိရပါတယ်။ Post Graduate ဖြစ်တဲ့ ဘွဲ့လွန် Master Degree အတွက် Research and Thesis သုတေသနပြုပြီးမှ ကျမ်းစာတမ်း တွေတင်ရပါတယ်။ လွန်ခဲ့တဲ့ကာလတွေတုန်းက ဘာ Thesis မှမရှိဘဲနဲ့ Course Work သက်သက်နဲ့ပဲ မဟာဘွဲ့တွေပေးခဲ့ကြတာလည်း တွေ့ခဲ့ရပါတယ်။ သုတေသနပြုရာမှာ သိပ္ပံနှင့် နည်းပညာကဏ္ဍ အတွက်ကတော့ ဘာသာရပ်နယ်ပယ်အသစ် (New Finding) တစ်ခုရအောင် ကြိုးပမ်းရပါတယ်။ ဥပဒေအပါအဝင် ဝိဇ္ဇာဘာသာတွဲများအတွက်ကတော့ တွေးခေါ်မြော်မြင်မှု ဒဿနနယ်ပယ် အသစ် တစ်ခုရောက်ရှိအောင် ချည်းကပ်နိုင်ဖို့လိုအပ်မှာပါ။ သုတေသနနဲ့ ကျမ်းပြုမှုမပါဝင်တဲ့ မဟာဘွဲ့များ ကို အဆင့်အတန်းမီတယ်လို့ နိုင်ငံတကာက လက်ခံသတ်မှတ်မှာလည်း မဟုတ်ပါဘူး။ သို့သော်လည်း ၂၀၁၁ ခုနှစ်နောက်ပိုင်း အစိုးရသစ်လက်ထက်မှာတော့ဖြင့် Thesis ပြန်တင်ရကြောင်း သိရတဲ့အတွက် ကြောင့်မို့လို့ ဝမ်းမြောက်ကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးမှုအားနည်းနေတဲ့မြန်မာနိုင်ငံမှာ အဆင့်မြင့်ဥပဒေ ပညာရှင်များများပေါ်ထွန်းလေ၊ ဥပဒေပညာကို ကျယ်ကျယ်ပြန့်ပြန့်ပြည်သူတွေစိတ်ဝင်စားလေ တရား ဥပဒေစိုးမိုးမှုအားကောင်းလာနိုင်တာကြောင့် ဥပဒေပညာကို အရေအတွက်အရရော အရည်အသွေး အရပါ မြှင့်တင်နိုင်စေရန် စေတနာဆန္ဒဖြင့် တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရေးဟာ တရားဥပဒေစိုးမိုးရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါတယ်။ မကြာမီ ပထမအကြိမ် လွှတ်တော်သက်တမ်းပြီးမြောက်ပြီး တော့မှ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကို မျိုးဆက်သစ်များဖြင့် စုဖွဲ့ပြီးတော့မှ ဥပဒေပြုရေး တာဝန်ကို ပုခုံးပြောင်း ထမ်းရွက်ကြတော့မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုလုပ်ငန်းအားနည်းခဲ့တဲ့ မြန်မာ့လူ့ပတ်ဝန်းကျင်မှာ လူမှုစီးပွားရေးဘဝတွေ မလုံမခြုံနဲ့ အကျေအလည်နေထိုင်ကြတဲ့

တိုင်ရင်းသားပြည်သူတွေအတွက် တရားဥပဒေစိုးမိုးတဲ့၊ လုံခြုံတဲ့လူမှုပတ်ဝန်းကျင်သစ်ဖန်တီးပေးရန် လိုအပ်လာနေပြီဖြစ်ကြောင်း၊ ဒါကြောင့်မို့လို့ ခုနက တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်အောင် အားလုံးကနေ ဝိုင်းဝန်းကူညီ ဆောင်ရွက်ဖို့အတွက်ဟာသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆွေးနွေးပေးကြတဲ့ကိုယ်စားလှယ်များကို ကျေးဇူးတင်ပါတယ်။ ခုနက သူရဦးအောင်ကိုဆွေးနွေးတဲ့အတိုင်းဆိုရင် ကျွန်တော်တို့ရဲ့ လွှတ်တော်ထဲက ပြုစုလိုက်တဲ့ဥပဒေနဲ့ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများသည် ပြည်သူများအကျိုးရှိရဲ့လားလို့ သံသယဖြစ်မိတယ်လို့ ပြောတာကြား တဲ့အတွက် ဥပဒေကတော့ ကျွန်တော်တို့ ပြုတာပဲ သို့သော်လည်းပဲ အကျိုးပြုတာမတွေ့ရဘူးဆိုရင် အကျိုးမပြုတဲ့၊ အကျိုးမဖြစ်ဘူးဆိုရင်လည်း အကျိုးမဖြစ်တဲ့ဥပဒေတွေ စသဖြင့် ကျွန်တော်တို့အနေ နဲ့ ပယ်ဖျက်သင့်တာ၊ ပြင်ဆင်သင့်တာ၊ အသစ်ပြဋ္ဌာန်းသင့်တာတွေ ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် နောင်လာမယ့် လွှတ်တော်သက်တမ်းမှာလည်း ဆက်လက်ဆောင်ရွက်နိုင်အောင် မိမိတို့စီစဉ်ထားတာ လေးတွေရှိတယ်ဆိုတာကြားသိရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ အလုံ မဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကိုလည်း ကျေးဇူးတင်ပါတယ်။ တရားစီရင်ရေးနဲ့ ပတ်သက်တဲ့ ဒီကော်မတီကိုလည်း ချီးမွမ်းသွားတာလေးလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ပြောရရင်တော့ ပြီးခဲ့တဲ့အချိန်ကာလတုန်းကလည်း ကျန်းမာရေးမြှင့်တင်မှုကော်မတီက လည်းပဲ အတွင်းရေးမှူး၊ ဒေါက်တာနေလင်းက ဒီလိုပဲ ပြောသွားပါတယ်။ ပြောရရင်တော့ ကော်မတီ တိုင်း၊ ကော်မတီတိုင်းက အသီးသီးပေါ့၊ အကုန်လုံးကြိုးစားပြီးတော့ဆောင်ရွက်ပေးခဲ့ကြတာ အားလုံး အသိပဲဖြစ်ပါတယ်။ ဒီနေရာမှာပြောရရင်တော့ သူ့အပိုင်းနဲ့သူပါပဲ တာဝန်ကြီးတဲ့ကော်မတီတွေက လည်း တာဝန်ကြီးတဲ့အလိုက် သူ့အတိုင်းအတာနဲ့သူပဲ ပင်ပင်ပန်းပန်း ဆောင်ရွက်ကြရပါတယ်။ ကျန်တဲ့ကော်မတီတွေမှာလည်းပဲ သူ့အတိုင်းတာနဲ့သူ သူတို့မှာလည်းပဲ အသီးသီးဆောင်ရွက်နေကြ တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တချို့ကျတော့လည်း မပေါ်လွင်တဲ့ အရင် တစ်ခါကလည်း ကျွန်တော် ပြောခဲ့ဖူးပါတယ်။ အသံမထွက်တဲ့ကိုယ်စားလှယ်များလည်းရှိပါတယ်။ ဒီကိုယ်စားလှယ်များကလည်း အသံမထွက်နေတဲ့ဟာက သူ့နည်းသူ့ဟန် သူ့ဟာနဲ့သူ ကြိုးစားပြီးတော့ ဆောင်ရွက်နေတာ၊ အဆင်ပြေ နေတာဖြစ်တဲ့အတွက်လည်း အသံကိုမကြားရတာဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြောရရင်တော့ ကျွန်တော်တို့ ဒီသက်တမ်းတစ်လျှောက်လုံးမှာ ဆောင်ရွက်ခဲ့ကြတဲ့ ကော်မတီများအားလုံးဟာ အကုန်လုံး သူ့အတိုင်းအတာနဲ့သူ အောင်မြင်အောင် ကြိုးစားဆောင်ရွက် ပေးနိုင်တာဖြစ်တဲ့အတွက်

အသီးသီးအားလုံးကိုပဲ ဂုဏ်ပြုမှတ်တမ်းတင်ဖို့လိုကြောင်း ကျွန်တော်က ကြားကနေပြီးတော့လည်း ပြောချင်တာဖြစ်ပါတယ်။ ကော်မတီတစ်ခုထဲရယ်လည်းမဟုတ်ဘူးပေါ့။ ကျွန်တော်တို့ ရှိသမျှကော်မတီ အားလုံးဟာ သူ့အင်၊ သူ့အားနဲ့၊ သူ့အတိုင်းအတာနဲ့သူ အတော်ကြိုးစား ပြီးတော့ ဆောင်ရွက်ပေး သွားကြတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ အသိအမှတ်ပြုပါတယ်။ ကျန်တဲ့ ကျွန်တော်ထင် တယ်။ ကော်မတီထဲမှာပါတဲ့ ကိုယ်စားလှယ်များအားလုံးကလည်း အသိအမှတ်ပြုလိမ့်မယ်လို့လည်း ကျွန်တော်က ယုံကြည်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြား စာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်း ခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန် အတွက် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးတင်ထွေး(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသ ကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပြီး ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ရဲ့ ကော်မတီဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြီးရဲ့ (၁၄)ရက်မြောက်နေ့မှာ တင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ရဲ့ အစီရင်ခံစာအား ပြည်သူ့လွှတ်တော်က သဘောတူလက်ခံပေးပါရန် လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ တင်ပြခဲ့တဲ့ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဆွေးနွေးရန်အတွက် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေး၊ ကျေးလက်နှင့်နယ်စပ်ဒေသ လူနေမှုဘဝမြှင့်တင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးတို့နှင့်စပ်လျဉ်းပြီးတော့မှ ကြိုးပမ်းဆောင်ရွက်ထားချက်တွေကို အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ အထူးသဖြင့် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင်ဖြစ်တဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီစောင့်ရှောက်ရမယ်လို့ ထိုကော်မတီကို

တာဝန်ပေးထားရာမှာ ကော်မတီအနေနဲ့ လွှတ်တော်သက်တမ်း ငါးနှစ်အတွင်းမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီးတော့မှ ကျေးလက်ဒေသ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ငွေတွေရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးတဲ့အတွက် ဒေသအတွင်းမှာ အခြေခံအဆောက်အအုံတွေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ဒေသများဖွံ့ဖြိုးတိုးတက်လာပေမယ့် အချို့သောနယ်စပ်ဒေသနှင့်ပြည်နယ်တွေမှာရှိတဲ့ ပြည်နယ်သူ/သားအချို့ကတော့ ဥပဒေပါရပိုင်ခွင့်တွေ ဆုံးရှုံးနေသေးတဲ့အတွက် သူတို့ရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာတာ နည်းနေတာကို တွေ့ရှိနေရပါတယ်။ ကျွန်တော်အနေနဲ့ လွှတ်တော်သက်တမ်း ငါးနှစ်အတွင်းမှာ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီတာဝန်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့်ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်တာဝန်တို့နှင့် ကချင်ပြည်နယ်ကို နှစ်ခေါက်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးကို နှစ်ခေါက်ရောက်ရှိပြီးတော့မှ လုပ်ငန်းတာဝန်တွေကိုဆောင်ရွက်ရာမှာ ဒေသခံတချို့ဟာ ဥပဒေပါရပိုင်ခွင့်တွေကို မရတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေရှိနေတာကို တွေ့ရှိနေရပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားရေးရာနှင့်ပတ်သက်ပြီး ကော်မတီဝင်များအားလုံး ကြိုးပမ်းဆောင်ရွက်ကြပေမယ့် ကျေနပ်မှုအပြည့်အဝ မရရှိခဲ့ကြောင်းကိုလည်း အဲဒီကော်မတီရဲ့ အစီရင်ခံစာမှာ ဖော်ပြခဲ့တာကို တွေ့ရှိရပါတယ်။

အထူးသဖြင့် ၂၀၁၂ ခုနှစ်မှာ အသစ်ပြဋ္ဌာန်းလိုက်တဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာ နိုင်ငံသားတွေကို လုပ်ပိုင်ခွင့်တွေချထားတဲ့နေရာမှာ ဒေသခံတိုင်းရင်းသားတွေ ခါးမဦးချကြလုပ်ကိုင်နေတဲ့ မြေတွေပါဝင်သွားတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေ မြေယာလုပ်ပိုင်ခွင့်တွေဆုံးရှုံးခြင်း၊ တရားစွဲဆိုခံရခြင်းများကို ရင်ဆိုင်ရပြီးတော့မှလူမှုစီးပွားဘဝတွေ တိုးတက်မလာပဲ နိမ့်ကျနေတာကို တွေ့ရှိရပါတယ်။ ဒေသခံတိုင်းရင်းသားတွေအနေနဲ့ အစိုးရရုံးဌာနတွေကို ဝင်ထွက်ဖို့ဝန်လေးခြင်း၊ မိမိတို့ ခမဦးချကျခုတ်ထွင် စိုက်ပျိုးထားတဲ့မြေတွေနဲ့ပတ်သက်ပြီးတော့မှ လုပ်ပိုင်ခွင့်လျှောက်ထားရယူရကောင်းမှန်းမသိတဲ့အတွက် သက်ဆိုင်ရာမြေစာရင်းမှ သူတို့လုပ်တဲ့မြေတွေဟာ စာရင်းမပေါက်ပဲ မြေလွတ်၊ မြေလပ်အဖြစ် စာရင်းရှိနေခဲ့ပါတယ်။ ဒီမြေတွေကို တခြားတစ်ယောက်ကို လုပ်ပိုင်ခွင့်ချထားပေးတဲ့အခါမှာ မူလလက်ငုတ်ဖြစ်တဲ့ဒေသခံတိုင်းရင်းသားနဲ့ လုပ်ပိုင်ခွင့်ရ လက်ရှိလက်ငုတ်တို့ အငြင်းပွားပြီး မူလလက်ငုတ်ဖြစ်တဲ့ ဒေသခံတိုင်းရင်းသားတွေဟာ တရားစွဲဆိုခံရတဲ့အဖြစ်ကို ရောက်နေပါတယ်။ အမှန်တကယ်တော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ခ)မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ

မူကြမ်း

လုပ်ပိုင်ခွင့် အသုံးပြုခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းလက်ရှိ စိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့်ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမယ်လို့ အဲဒီဥပဒေကပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းပေမယ့် ဘယ်သူမှညှိနှိုင်းဆောင်ရွက်ပေးခြင်း မရှိပါဘူး။ ညှိနှိုင်းဆောင်ရွက်ပေးခြင်းမရှိတဲ့အပြင် ပုဒ်မ ၂၅ ပုဒ်မခွဲ(က)နှင့် ကျူးကျော်သူအဖြစ် တရားစွဲဆိုခံနေရတာကြောင့် ဒေသခံတိုင်းရင်းသားတချို့ဟာ ဥပဒေပါရပိုင်ခွင့်တွေ ဆုံးရှုံးနေတယ်လို့ တင်ပြရခြင်းဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိကြတဲ့အတိုင်းပဲ ကျေးလက်နေပြည်သူပြည်သားတွေအနေနဲ့ မြေပေါ်မှာမှီတင်ပြီးတော့မှ အသက်မွေးဝမ်းကြောင်း ပြုလုပ်ရသည်။ သားစဉ်မြေးဆက်မြေးကိုသာ အမွေပေးနိုင်ကြတာ ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ တိုးပွားလာတဲ့လူဦးရေတွေအရ မြေအရင်းအနှီးတွေပိုမိုလိုအပ်လာနေတာကို တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်ကို ဒေသခံတိုင်းရင်းသားများကို ဦးစားပေးချထားပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ မိမိတို့တိုင်းပြည်ရဲ့ တည်နေရာအနေအထားအရ အင်အားကြီးတိုင်းပြည်နှစ်ခုကြား မှာတည်ရှိနေတဲ့အပြင် ဥပဒေမဲ့ဝင်ရောက်လာလိုသူများရဲ့အန္တရာယ်ကလည်း ကြီးမားလာတဲ့အတွက် လည်းကောင်း၊ မြေလွတ်၊ မြေလပ်လုပ်ပိုင်ခွင့်ကို အကြောင်းပြုပြီး ဒေသခံတိုင်းရင်းသားမဟုတ်သူများ လုပ်ပိုင်ခွင့်ရနေကြမယ်ဆိုရင် အနာဂတ်မှာ တိုင်းရင်းသားလူမျိုးများလူမြို့ခံရပြီးတော့မှ လူမျိုးပျောက် မှာစိုးရိမ်နေရပါတယ်။ တိုင်းရင်းသားတိုင်းဟာ နိုင်ငံသားဖြစ်ပေမယ့် နိုင်ငံသားတိုင်းကတော့ တိုင်းရင်းသားမဟုတ်ကြပါဘူး။ တကယ်တော့ နိုင်ငံတော်ရဲ့မြေအရင်းအမြစ်ရဲ့ မူလပိုင်ရှင်စစ်စစ်က တိုင်းရင်းသားများပဲ ဖြစ်ကြပါတယ်။ ဥပဒေက နိုင်ငံသားတိုင်း မြေလွတ်၊ မြေလပ်လျှောက်ထား လုပ်ပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပေမယ့် ဒေသခံတိုင်းရင်းသားကိုယ်သာ မြေလွတ်၊ မြေလပ်လုပ်ပိုင်ခွင့်ကို ဦးစားပေးချထားမယ်ဆိုရင် တိုင်းရင်းသားတို့၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာရောက်မယ်လို့ ထင်မြင်ယူဆပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင်လည်း သုံးခွမြို့နယ်၊ ဩဘာညွန့် သာသာမြိုင်၊ မင်းရွာစတဲ့ကျေးရွာအုပ်စုများနှင့် တစ်ဆက်တစ်စပ်တည်းရှိတဲ့ မုတ္တမပင်လယ်ကွေ့က ပင်လယ်ကမ်းစပ်နှင့်ထိတွေ့နေတဲ့ ကမ်းခြေတစ်လျှောက်မှာ နှစ်ကာလမြောက်မြားစွာ နုန်းတွေပို့ချပြီးတော့မှ သောင်တွေထွန်းလာတဲ့အတွက် စိုက်ပျိုးမြေဧက ၁၀၀၀၀ ခန့် ပေါ်ထွန်းနေပါတယ်။ အဲဒီမြေတွေကို လုပ်ပိုင်ခွင့်ရရေးအတွက် တိုင်းရင်းသားမဟုတ်တဲ့

မူကြမ်း

နိုင်ငံသား၊ လူမျိုးခြားများ ဦးစီးတဲ့ကုမ္ပဏီများ လူမျိုးခြားများမှ ကျောထောက်နောက်ခံပြုထားသော ဒေသခံတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသားများစုပေါင်းပါဝင်ဖွဲ့စည်းထားသော သမဝါယမ အသင်းများ အပြိုင်အဆိုင် လျှောက်ထားနေကြတာကို တွေ့နေရပါတယ်။ အဲဒီနေရာဟာ ပင်လယ်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့အတွက် တိုင်းတစ်ပါးသား၊ လူမျိုးခြားများ အလွယ်တကူဥပဒေမဲ့ ဝင်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာလည်း ရေကြောင်းကနေပြီးတော့မှ ဟိုးယခင်တုန်းက လူမျိုးခြား၊ တိုင်းတစ်ပါးတွေ လှေနဲ့ခိုးဝင်တဲ့အတွက် ဖမ်းမိတဲ့ဖြစ်စဉ်တွေ ရှိခဲ့ဖူးပါတယ်။ ဒီမြေတွေရဲ့လုပ်ပိုင်ခွင့်ကို နိုင်ငံသားလူမျိုးခြားများကို ချထားပေးမှာလား။ မျိုးချစ်စိတ်နှင့် နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာစောင့်သိသောအားဖြင့် အမှီအခိုကင်းတဲ့ ဒေသခံတိုင်းရင်းသားများကိုပဲ လုပ်ပိုင်ခွင့်ချပေးမှာလားဆိုတာကို အမျိုးချစ်သူတိုင်း စိုးရိမ်ပူပန်ကြလိမ့်မယ်လို့ တင်ပြရင်း တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာကို ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ဆွေးနွေးဖို့အတွက် ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခမိုင်မုန်ကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ စာနဲ့ဖတ်ကြားတင်ပြခွင့်ပြုပါရန် လျှောက်ထားတင်ပြအပ်ပါသည်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာ ဘွမ်မဲဆန္ဒနယ်မှ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ် (ခေါ်)ဦးခမိုင်တန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် တင်ပြထောက်ခံလိုသော ကဏ္ဍများမှာ တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီမှ တင်သွင်းသော အစီရင်ခံစာနှင့်ပတ်သက်၍ အတည်ပြုနိုင်ရေးအတွက် တင်ပြဆွေးနွေး ထောက်ခံသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော် တည်တံ့ခိုင်မြဲရေး ကဏ္ဍများမှာ တိုင်းရင်းသားကဏ္ဍများမှာ အဓိကကျသောကဏ္ဍဖြစ်သည် ကိုဟုတ်တယ်လို့ ရှုမြင်တင်ပြလိုပါတယ်ခင်ဗျား။ နိုင်ငံတကာအနေနဲ့လည်း တိုင်းရင်းသားများ

ကိုယ်စီပိုင်ဆိုင်သော နယ်မြေဒေသများကို စုပေါင်းတည်ထောင်ထားသော နိုင်ငံတော်ကို ပြည်ထောင်စု နိုင်ငံတော်ဟု ခေါ်ဆိုလျက်ရှိသည်နှင့်အညီ ကျွန်တော်တို့ နိုင်ငံတော်ကိုလည်း ရှေးဦးစွာဦးစီး ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင် အကြီးအကဲများက လူဦးရေသန်းပေါင်း ထောင်ချီသော နိုင်ငံခြားတွင်တည်ရှိသော သွေးချင်းညီအစ်ကို မျိုးနွယ်စုများဖြစ်ပါ၍ ကိုယ်စီပိုင်ဆိုင်သော နယ်မြေဒေသများကို စုပေါင်း၍လူဦးရေပိုများသော ဗမာလူမျိုးကို ဦးစားပေးသောကဏ္ဍအနေဖြင့် ရှေ့တန်းတင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဟူသောအမည်ဖြင့် သဘောတူပူးပေါင်း တည်ထောင်ခဲ့ခြင်း ဖြစ်သည်ကို တွေ့ရှိရပါတယ်ခင်ဗျား။ သို့သော်လည်း နိုင်ငံတော်ကို ဦးစီးဦးဆောင် ခဲ့သော နိုင်ငံတော်အကြီးအကဲ များအနေဖြင့် စတင်ပူးပေါင်းတည်ထောင် ကတိကဝတ်စာချုပ်ချုပ်ဆိုခဲ့ သော ကတိကဝတ်များကို လိုက်နာခြင်းမရှိဘဲ တိုင်းရင်းသားဒေသများကို ခွဲခြားသတ်မှတ်ခြင်း၊ တိုင်းရင်းသားများမှ ကျင့်သုံးလျက်ရှိသော ဖက်ဒရယ်ဝါဒများကို ဘုံမူဝါဒအဖြစ် ကျင့်သုံးနိုင်ရေး အတွက် နိုင်ငံတော်ကို ရှေးဦးစွာ ဦးစီးဦးဆောင်ခဲ့သော အကြီးအကဲများအနေဖြင့် ငြင်းဆန်ပယ်ဖျက်မှု တို့ကြောင့် နိုင်ငံတော်ကို လွပ်လပ်ရေးရရှိသော်လည်း တည်ငြိမ်အေးချမ်းမှုမရှိသော ဖွံ့ဖြိုးတိုးတက်မှု မရှိသော နိုင်ငံဖြစ်လာသည်ကိုတွေ့ရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အထက်ပါတင်ပြမှုများကို နိုင်ငံတော်အကြီးအကဲများအနေဖြင့် ၁၉၈၈ ခုနှစ်ဒီဇင်ဘာပိုင်းတွင် နိုင်ငံတော် ကို တာဝန်ယူ၊ တာဝန်ခံ တည်ဆောက်နေသော နိုင်ငံတော်အကြီးအကဲများအနေဖြင့် အထက်ပါတင်ပြ မှုများကို သတိထားရှုမြင်သည်နှင့်အညီ အထိုက်အလျောက် ပြောင်းလဲတည်ဆောက်ရာတွင် နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒများမှာ နယ်စွံနယ်ဖျားမကျန် တစ်ပြေးညီ ခေတ်မီဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့်ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဝိုင်းဝန်းတည် ဆောက်ရေးဟူသော မူဝါဒများကို ချမှတ်၍ နိုင်ငံတော်ကို တာဝန်ယူ၊ တာဝန်ခံ တည်ဆောက်ရာတွင် အောင်မြင်မှုရှိသောကဏ္ဍများမှာ ခေတ်မီသော လမ်းတံတားများကို တည်ဆောက်နိုင်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍများကို မြှင့်တင်နိုင်ခြင်း၊ လွှတ်တော်နှင့် အစိုးရအဖွဲ့ရုံးများကို တည်ဆောက် နိုင်ခြင်း၊ ဦးတည်ချက်များနှင့်အညီ စည်းမျဉ်းစည်းကမ်းနှင့်ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်အကောင်အထည်ဖော်နိုင်ခြင်းအတွက် နိုင်ငံတော်အကြီးအကဲများကို တိုင်းရင်းသား ပြည်သူများကိုယ်စား ကျေးဇူးတင်ဂါရဝပြုကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

**မူကြမ်း**

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်အထူးတင်ပြဆွေးနွေးလိုသောကဏ္ဍများမှာ နိုင်ငံတော်၏ ပထမအင်အားမှာ တိုင်းရင်းသားပြည်သူများ၊ ဒုတိယအင်အားမှာ အခြေခံလူတန်းစား၊ တတိယအင်အားမှာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စတုတ္ထအင်အားမှာ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပညာရှင်များဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာစေရေးနဲ့ တည်ငြိမ်အေးချမ်းမှုရရှိရေးကဏ္ဍများမှာ တိုင်းရင်းသားပြည်သူများ၏ ကြိုဆိုထောက်ခံမှုများကို လိုအပ်သလို တိုင်းရင်းသားများရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် တိုင်းရင်းသားများ၏ တောင်တန်းဒေသများတွင် ကျင့်သုံးလျက်ရှိသော တောင်တန်းအက်ဥပဒေများကိုလည်း အသိအမှတ်ပြုလေးစားကျင့်သုံး ရန်လိုအပ်သည်ဟု တင်ပြလိုပါတယ်ခင်ဗျား။ ဒါ့အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်သည့်အတွက် ယခု လက်ရှိအစိုးရအနေနဲ့ဖြစ်စေ၊ မကြာခင်ပေါ်ထွန်းလာမယ့် အစိုးရအနေနဲ့ဖြစ်စေ တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ အကူအညီတောင်းခံမှုများကို အလေးထား၍၊ ဦးစားပေး၍ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ တင်ပြတောင်းခံဆွေးနွေးရင်း ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီရဲ့ကဏ္ဍနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်တင်ပြအကောင်အထည်ဖော်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် အထိုက်အလျောက်ရရှိသောကဏ္ဍများကို အဆိုပြုတင်ပြအကောင်အထည်ဖော်နိုင်တဲ့အတွက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီမှ တင်သွင်းသောအစီရင်ခံစာနှင့်ပတ်သက်၍ ဤပြည်သူ့လွှတ်တော်မှ မှတ်တမ်းတင်ထားရှိနိုင်ရေးအတွက် လေးစားစွာဖြင့်ထောက်ခံရင်းနိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မအနေဖြင့် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာ

နှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးမှာဖြစ်သလို လာမယ့်လွှတ်တော်အသစ်ရဲ့ ကော်မတီအသစ်ကို လည်းပဲ ယခုကတည်းက အကြံပြုတင်ပြပေးမှာဖြစ်ပါတယ်ရှင်။ ပထမအချက်အနေနဲ့ တိုင်းရင်းသား လူမျိုးများရဲ့အခွင့်အရေးကာကွယ်စောက်ရှောက်တဲ့ဥပဒေ တင်သွင်းတဲ့အချိန်နှင့် ပြဌာန်းတဲ့အချိန်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ တစ်နှစ်ကျော်ကြာတာကိုတွေ့ရှိရပါတယ်။ ဒါ့အပြင် ဒီဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ ဝန်ကြီးဌာနဆိုလို့ သီးခြားမရှိတာကိုလည်း တွေ့ရှိရပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကိုထားရှိပေမယ့် ပြည်ထောင်စု အစိုးရမှာ တိုင်းရင်းသားရေးရာဌာနမရှိတာကိုတွေ့ရှိရပါတယ်။

ဒါကြောင့် တိုင်းရင်းသားများစွာနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ ဒီတိုင်းရင်းသားရေးရာနှင့်ပတ်သက်တဲ့ ပြဿနာတွေကို ဖြေရှင်းဆောင်ရွက် ပေးမယ့်ဌာန မရှိတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့်တင်ပြရရင် ကျွန်မတို့ ကရင်လူမျိုးစုဝင် မျိုးနွယ်စုသတ်မှတ်ရာမှာ မိမိကိုယ်ကို ကရင်လူမျိုးပါလို့ ခံယူထားပေမယ့် တကယ်တမ်း ဒီလူမျိုးနွယ်စု မှာ ပါဝင်နေတာက တခြားလူမျိုးစုမှာ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒီပြဿနာကို မျိုးနွယ်စုအချင်း ချင်း ညှိနှိုင်းဆောင်ရွက်လို့ မရဘဲနဲ့ အငြင်းပွားနေကျတာပဲ အဖတ်တင်နေကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လာမယ့်လွှတ်တော်အသစ်မှာ ဒီပြည်ထောင်စုအစိုးရဝန်ကြီးဌာနအသစ်တစ်ခုအနေနဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခုကို ဖော်ဆောင်ပေးပါလို့ အခုကတည်းက တိုက်တွန်းချင်ပါ တယ်။

ဒုတိယအချက်ကတော့ တိုင်းရင်းသားရဲ့စာပေအတွက်ပါ။ တိုင်းရင်းသားစာပေနဲ့ပတ်သက်ပြီး တော့ စာသင်ကျောင်းတွေမှာ သင်ကြားခွင့်ပေးခဲ့ပေမယ့် သင်ကြားပေးတဲ့ဆရာဆရာမတွေကို တစ်လ ၃၀၀၀၀ ထောက်ပံ့ပါ့မယ်လို့ ပညာရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပြီးခဲ့တဲ့ လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ ကျွန်မတင်ပြခဲ့ပေမယ့် ကြယ်ပွင့်မပြမေးခွန်းနဲ့ ပြန်လည်ပြီးတော့ ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း စာသင်နှစ်ကုန်ဆုံးသွားတဲ့အခါမှာ တိုင်းရင်းသားစာပေသင်ကြား ပေးခဲ့တဲ့ ဆရာဆရာမတွေကို တစ်နာရီ ၅၀၀ နှုန်းနဲ့သာပေးဆောင်တာကို သိရှိရပါတယ်။ ဒါကြောင့် ဒီကိစ္စကိုလည်းပဲ နောင်လာမယ့် လွှတ်တော်အသစ်၊ ကော်မတီတွေမှာ ညှိနှိုင်းဆောင်ရွက်ပေးပါလို့ အကူညီတောင်းခံပါရစေ။

**မူကြမ်း**

နောက်ဆုံးတတိယအချက်အနေနဲ့ကတော့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၈ ဖွဲ့နဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက်ကြောင့် ဝမ်းသာဂုဏ်ယူမိပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုသဘောတူညီချက် NCA ရဲ့အတည်ပြုချက် ၁၁ ချက်ထဲမှာ တိုင်းရင်းသားများအားလုံးမျှော်လင့်နေတဲ့ (က)မှာပါဝင်နေတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံ စိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူအရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနဲ့ Federal စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားရန်ဆိုတဲ့ အစီအစဉ်ကို ဆက်လက်ပြီး စစ်မှန်တဲ့ Federal ပြည်ထောင်စုအကောင်အထည်ဖော်ဆောင်နိုင်ဖို့ အမျိုးသားရင်ကြားစေ့ရေး၊ ပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်တိုင်းရင်းသားအားလုံး ပါဝင်လာနိုင်ရေး အတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ပေးပါလို့ လာမယ့်လွှတ်တော်အသစ်ကို တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ဆွေးနွေးပေးတဲ့ ကိုယ်စားလှယ်များအားလုံး ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားရေးရာ၊ ကျေးလက် လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက ရယူခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါ်ဒွဲဘူ(အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့

လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒီကနေ့ ကျွန်မတို့ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီရဲ့ အစီရင်ခံစာ အပေါ်မှာ စိတ်ပါဝင်စားစွာဖြင့် အတည်ပြုပေးရန် ဆွေးနွေးပေးခြင်း၊ အကြံပြုတင်ပြခြင်း၊ ဖြည့်စွက် ဆွေးနွေးခြင်းများကို ပြုလုပ်ပေးခဲ့တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို အထူးကျေးဇူးတင် ရှိပါတယ်ရှင်။ တစ်ဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ တင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက် လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို သဘောတူလက်ခံ ပေးပါရန်နှင့် ဤ လွှတ်တော်က အတည်ပြုပေးပါရန်ကော်မတီရဲ့ အတွင်းရေးမှူးဖြစ်တဲ့ အင်ဂျန်းယန်မဲဆန့္ဒနယ်မှ ကျွန်မ ဒေါ်ဒွဲဘူက လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ ။** ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် တိုင်းရင်းသားရေးရာ၊ ကျေးလက် လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၉-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို

လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်(အင်္ဂါနေ့) နေ့လယ် ၁၃း၃၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၄း၃၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

**မှုကြမ်း**